# ဓမ္မပူဇာဖြင့် ရတနာသုံးပါးကို ပူဇော်ရန်

**ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။**

မင်္ဂလေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဟုဆိုအပ်သော ဤလောကုတ္တရာတရားကိုးပါးအား လျော်သောအကျင့်မြတ်ဖြင့် ဘုရားတပည့်တော်သည် သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ပူဇော်ပါ၏ အရှင်ဘုရား။

**ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။**

မင်္ဂလေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟုဆိုအပ်သော ဤလောကုတ္တရာတရားကိုးပါးအား လျော်သောအကျင့်မြတ်ဖြင့် ဘုရားတပည့်တော်သည် တရားတော်မြတ်အပေါင်းကို ပူဇော်ပါ၏ အရှင်ဘုရား။

**ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။**

မင်္ဂလေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟုဆိုအပ်သော ဤလောကုတ္တရာတရားကိုးပါးအား လျော်သောအကျင့်မြတ်ဖြင့် ဘုရားတပည့်တော်သည် သံဃာတော်မြတ်အပေါင်းကို ပူဇော်ပါ၏ အရှင်ဘုရား။

## ဆုတောင်း

**ဣမိနာ ပုညကမ္မေန အာသဝက္ခယာဝဟံ ဟောတု။**

တပည့်တော်၏ ဤကောင်းမှုသည် အာသဝေါတရားလေးပါးတို့၏ ကုန်ရာနိဗ္ဗာန်ကို ရောက်အောင် ဆောင်ရွက်နိုင်ရပါလို၏ အရှင်ဘုရား။

**ဣမိနာ ပုညကမ္မေန နိဗ္ဗာနဿ ပစ္စယော ဟောတု။**

တပည့်တော်၏ ဤကောင်းမှုသည် နိဗ္ဗာန်၏ အကြောင်းအထောက်အပံ့ ဖြစ်ရပါလို၏ အရှင်ဘုရား။

**ဣမိနာ ပုညကမ္မေန မဂ္ဂဖလဉာဏဿ ပစ္စယော ဟောတု။**

တပည့်တော်၏ ဤကောင်းမှုသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်၏ အကြောင်းအထောက်အပံ့ ဖြစ်ရပါလို၏ အရှင်ဘုရား။

## အမျှဝေ

**ဣမိနာ ပုညကမ္မေန သဗ္ဗသတ္တာနံ ဘာဇေမ။**

တပည့်တော်၏ ဤကောင်းမှုကို အလုံးစုံသော သတ္တဝါတို့အား အမျှပေးဝေပါကုန်၏။

**သဗ္ဗေသတ္တာ သုခိတာ ဟောန္တု ဉာတယော။**

အားလုံးသော သတ္တဝါတို့သည် ဆွေမျိုးသားချင်းအပေါင်းတို့သည် ကုသိုလ်ဝေစုအားလုံးကို ရရှိခံစားကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြသည် ဖြစ်ကြပါစေကုန်သတည်း။